ကျိုက်ပရန်ကျေးရွာအုပ်စု၊ကျိုက်ပရန်ကျေးရွာ

ကျိုက်မရောမြို့နယ်

မွန်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျိုက်ပရန်ကျေးရွာ၊ ကျိုက်မရောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ ——————— လ

Scanned with CamScanner

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျိုက်ပရန်ကျေးရွာ သယံဇာတပြမြေပုံ၊ ကျိုက်မရောမြို့နယ်	၅
	ရာသီခွင်ပြ ပြက္ခဒိန်	၆
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၁၁
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၁
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၂
၆။	ပညာရေး	၁၂
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၁၃
၈။	အားနည်ချက်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၃
၉။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၄
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၅
	နောက်ဆက်တွဲ	
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၈
	နောက်ဆက်တွဲ(၄) ကျေးရွာ၏ ဦးစားပေးစီမံချက်(လုပ်ငန်း) အမှတ်ပေးဇယား	၁၈
	နောက်ဆက်တွဲ(၅)ကျိုက်ပရန်ကျေးရွာ၏ဦးစားပေးစီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ	၁၉
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ ပုံစံ	၆၀

Scanned with CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

Scanned with CamScanner

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ဦးစားပေးစီမံချက်အဆိုပြုလွှာ စသည့်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မေလ၊ ၂၀၂၀


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျိုက်ပရန်ကျေးရွာ


ကျိုက်မရောမြို့နယ်

Scanned with CamScanner

ကျွန်ုပ်ရရှိခဲ့ကျေးဇူး သယ်ဆောတပြုမြေပုံ၊ ကျွန်ုပ်မရောဖြို့နယ်



Scanned with CamScanner



Scanned with CamScanner

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျိုက်ပရန်ကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ် ၏ ကျိုက်ပရန်ကျေးရွာအုပ်စုတွင် ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကော့ဘိုးကျေးရွာအုပ်စု ၊ အနောက်ဘက်တွင် မော်လမြိုင်-ဘားအံကားလမ်းမနှင့် အထွဏ်မြစ် ၊ ၊ တောင်ဘက်တွင် ပိန်းနဲကုန်းကျေးရွာ၊ မြောက်ဘက်တွင် ကျုံစိန်ကျေးရွာတည်ရှိပါသည်။ ကျေးရွာတွင်မွန်မျိုးများစုနှင့် ဗမာလူမျိုးအနည်းငယ်တို့ စုပေါင်းနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျိုက်ပရန်ကျေးရွာတွင် ကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်ပြီး အပူအအေး မျှတမှုမရှိသော ရာသီဥတုဖြစ်သည်။ ကျိုက်ပရန်ကျေးရွာတွင် လယ်မြေ (၅၆၂၆.၆၇) ဧကတို့ရှိပါသည်။ကျေးရွာတွင် မြေလွတ်မြေလပ်(၃၃၈၈.၃၃) ဧကတို့ ရှိပါသည်။ကျိုက်ပရန်ကျေးရွာတွင် ကျောက်၊ သဲ၊ မြစ်ကျောက်စရစ်များသည် ကျေးရွာ ၏ အနီးပတ်ဝန်းကျင်တွင်မရှိသော်လည်း မော်လမြိုင်မြို့နှင့် (၆)မိုင်ခန့်သာ ကွာဝေးသောကြောင့် အလွယ်တကူ ဝယ်ယူရရှိ အသုံးချနိုင်ပါသည်။ ကျိုက်ပရန်ကျေးရွာတွင် ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရ စ္ဆာန်မျိုးစိတ်များ ရှားပါးပါသည်။ ဥယျာဉ်ခြံမြေ များတွင် ကြက်မောက်ပင်၊ ကျွဲကောပင်နှင့် အခြားရာသီပေါသီးနှံများ စိုက်ပျိုးကြပါသည်။ လယ်မြေများတွင် စပါး၊ မြေပဲ၊ နှမ်း စသည့်သီးနှံများစိုက်ပျိုးကြပါသည်။ အိမ်ခြံမြေများ တွင်လည်း စိုက်ပျိုးပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျိုက်ပရန်ကျေးရွာတွင် အုပ်ချုပ်ရေး၊ အမျိုးသမီးရေးရာအဖွဲ့၊မီးသတ်အဖွဲ့ ၊ သာရေးနာရေးအဖွဲ့၊ မိခင်နှင့်ကလေး အဖွဲ့တို့ရှိပြီး ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင် ကြပါသည်။ ကျေးရွာတွင် ငွေကြေးနှင့် လုံခြုံရေး၊ ကာကွယ်ရေး ဆိုင်ရာအခက်အခဲများတွင် ကျေးရွာမှတက် အားသရွေ့ စုပေါင်းကူညီကြပါသည်။

၄။ စီးပွားရေးနှင့် မွေးမြူမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျိုက်ပရန်ကျေးရွာသည် မော်လမြိုင်မြို့သို့ သွားလာရေး လွယ်ကူသောကြောင့် စိုက်ပျိုးရေး မြေဩဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေး

Scanned with CamScanner

လုပ်ငန်း ထွက်ကုန် များကိုလည်း ကုန်သည်၊ ပွဲစားများနှင့်ဈေးတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချ နိုင်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး ချေးငွေများအား ကျိုက်မရောမြို့နယ် လယ်ယာ စိုက်ပျိုးရေးဘဏ်တွင် အတိုးနှုန်းသက်သက်စွာ ရရှိပါသည်။ ကျိုက်ပရန်ကျေးရွာ၏စိုက်ပျိုးရေးတွင် မိုးရေနှင့် နွေစပါးအား ချောင်း၊ ရေသွင်း မြောင်းများအား အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လယ်ဧကများသည် မိုးတွင်းအခါ တစ်ခါတစ်ရံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက စိုက်ပျိုးထား လယ်ကွင်းများရေမြှပ်၍ လယ်သမား အနည်းငယ်အရှုံးပေါ် လေ့ရှိပါသည်။

ကျိုက်ပရန်ကျေးရွာသည် ဆန်စပါးကိုသာ အဓိကထား စိုက်ပျိုးပါသည်။ စပါးအထွက်နှုန်းမှာ မြေဆီမြေဩဇာမကောင်းသဖြင့် နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေပေါ်မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၃၅) တင်းခန့် ထွက်ရှိပါသည်။ကျေးရွာတွင် မိုးအကုန် မိုးစပါး ရိတ်သိမ်းပြီးပါက ရာသီးပေါ် သီးနှံချဉ်ပေါင်၊ ကစွန်းရွက်၊ ပိန်းဥ၊ ကစွန်းဥ ၊မုန်လာဥ ၊ပဲတောင့်ရှည် စသည့် သီးနှံများ စိုက်ပျိုးခြင်း နှင့် နွေစပါး စိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ကျိုက်ပရန်ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ တစ်ဦးချင်း ပိုင်ထွန်းစက်(၁၀)စီး၊ လက်တွန်းထွန်းစက်(၅၀)၊ ရေစုပ်စက်(၂၀၀)လုံး ရှိပါသည်။ ကျေးရွာတွင်ကျန်ရှိသော အိမ်ထောင်စု(၃၂)စုမှာ တစ်ဦးချင်းပိုင် ထွန်းစက်နှင့်လက်တွန်းထွန်းစက်များကို ငှားရမ်းလုပ်ကိုင်ကြပါသည်။

ကျိုက်ပရန်ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၅၆၉)စုရှိပါသည်။ကျေးရွာတွင် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ကျော်ခန့်ရှိနေသော အိမ်ထောင်စုအများစုသည် နေ့စားကျပန်း လုပ်ကိုင် သော အိမ်ထောင်စုများနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ၁၂.၅ ဧက အထက်ပိုင်ဆိုင်သည့် တောင်သူကြီး အိမ်ထောင်စု (၇)စုရှိပါသည်။ ကျေးရွာတွင် ရဲဆင်းသားတောင်သူ (၁)အိမ်ထောင်စု၊ တောင်သူငယ်(၂၂)အိမ်ထောင်စု၊ တောင်သူလတ်(၃၁)အိမ်ထောင်စု တောင်သူ ကြီး (၇)အိမ် ထောင်စု ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျိုက်ပရန်ကျေးရွာတွင် နွားမွေးမြူသောအိမ်ထောင်စု(၄၆)စု ကောင်ရေ (၁၈၅) ကောင်၊ ဒေသကြက်မွေးမြူသော အိမ်ထောင်စု(၄၈၀)စု ကောင်ရေ(၈၀၀)ကောင်နှင့် ဘဲမွေးမြူသော အိမ်ထောင်စု(၂)စု ကောင်ရေ(၇၀၀)ကောင်တို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ကျေးရွာသည် တူးမြောင်းနှင့်နီးသောကြောင့် ဝမ်းစာဖူလုံမျှငါး မွေးမြူခြင်းနှင့် ငါးဖမ်းခြင်း လုပ်ကိုင်စားသောက်ကြသည် အိမ်ထောင်စုများလည်းရှိပါသည်။ ကျိုက်ပရန်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြသဖြင့်

Scanned with CamScanner

ရေနှင့်ပတ်သက်သော အခက်အခဲများ မရှိပါ။ မော်လမြိုင်မြို့(၆)မိုင်ခန့်နှင့် ကျိုက်မရောမြို့နှင့်(၁၃)မိုင်ခန့် ကွာဝေးသောကြောင့် မြို့းတိရိစ္ဆာန်ရှိမှု၊ အစာနှင့်ဆေးများကို အလွယ်တကူရနိုင်သည့်အပြင် တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့် မွေးနိုင်ခြင်း ဖြစ်ပါသည်။ ကျေးရွာတွင်တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် မိတ်ဆွေ၊ ဆွေမျိုးများတွင် ချေးငွေအသင့်အတင့် ရနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ရန်အတွက် အရင်းအနှီးမလုံလောက်သောကြောင့် အတိုးနှုန်းသက်သာသော ချေးငွေရရှိရေး စီမံကိန်း လုပ်ငန်းလိုအပ်လျက်ရှိပါသည်။

ကျိုက်ပရန်ကျေးရွာတွင် တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစား နိုင်သည့် စားကျက် မြေအနည်းငယ်သာရှိပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ် ဆေးထိုးခြင်း ဝန်ဆောင်မှုများ ရယူရန်အတွက် မွေး/ကုဦးစီးဌာနသို့ သွားရောက်ဆက်သွယ်ပါက လာရောက်၍ တိရိစ္ဆာန်များအား ကာကွယ်ဆေးထိုးနှံခြင်း ရောဂါ အခြေအနေအရဝန်ဆောင်မှုပေးခြင်း မျိုးရှိပါသည်။ ကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ သိပညာများလိုအပ်နေပါသည်။ ကျေးရွာတွင် ငါးဖမ်းလုပ်ငန်းနှင့် ပတ်သက်၍ စီးပွားဖြစ် မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျိုက်ပရန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ မိုးစပါး နှင့်နွေစပါး နှစ်သီးစားစိုက်ပျိုးခြင်း ဆောင်ရွက်နိုင်သော်လည်း စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း ဆောင်ရွက်သူသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ကျိုက်ပရန်ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်းလုပ်ကိုင်နေကြသော အိမ်ထောင်စုများမှ မိသားစုဝင်များသည် မိမိတို့အသက်မွေး ဝမ်းကျောင်း ပညာရပ်နှင့်ကိုက်ညီသည့် လုပ်ငန်းလုပ်ကိုင်ရန်ကျေးရွာတွင် ခက်ခဲလှသောကြောင့် ပြည်ပဖြစ်သော ထိုင်း၊ မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် အိမ်ထောင်စုအနည်းငယ်မှာ မိမိတို့အသက်မွေးဝမ်းကျောင်းနှင့် ကိုက်ညီသည့် ကျေးရွာပြည်ပဖြစ်သော မော်လမြိုင်မြို့နှင့်တခြားကျေးရွာသို့ နေ့ချင်းပြန်ခရီးဖြစ်သွားရောက် လုပ်ကိုင်ကြပါသည်။

ကျိုက်ပရန်ကျေးရွာတွင် ပြည်ပနိုင်ငံသွားရောက်လုပ်ကိုင်သည့် လူဦးရေ(၃၉၂)ဦး သည် ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း တက်မြောက်ထားသော

Scanned with CamScanner

အသက်မွေးဝမ်းကျောင်း ပညာရပ်ကျေးရွာအတွင်းလုပ်ကိုင် စားသောက်ရန်အခက်အခဲဖြစ် သောကြောင့် ပြည်ပနိုင်ငံ (ထိုင်း/မလေးရှား) သို့ သွားရောက်၍ လုပ်ကိုင်ကြရပါသည်။ ကျိုက်ပရန်ကျေးရွာတွင် ပြည်ပသို့သွားရောက် လုပ်ကိုင်ကြသောသူများသည် ပိုမိုကောင်းမွန် သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန်အတွက် သွားရောက်ကြခြင်း ဖြစ်ပါသည်။ ထို့အတူကျေးရွာအတွင်း မိမိသက်ရောက်သောအသက်မွေးဝမ်းကျောင်း ပညာ ရပ်နှင့် ကိုက်ညီသော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ သွားရောက် လုပ်ကိုင်ကြခြင်းများလည်း ဖြစ်ပါသည်။

ကျိုက်ပရန်ကျေးရွာတွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်သော လူဦးရေမှာ ကျေးရွာ၏ သုံးပုံတစ်ပုံခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသား၊ အမျိုး သမီး အများစုမှာ ပြည်ပသို့သွား ရောက်၍ အလုပ်လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေအဖြင့် ထောက်ပံ့ပေးနေမှုများကို တွေ့မြင်ရပါသည်။ မိသားစုများ ပြန်လည်မှီခိုရာတွင် ပြန်ပို့ငွေအား ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)ဖြင့်လည်းကောင်း၊ ဘဏ်များဖြင့်လည်းကောင်း အိမ်ထောင်စု အနည်းငယ်မှာ လူကြုံဖြင့်လွှဲပို့ခြင်းဖြင့်လည်းကောင်း ပြန်ပို့ငွေအား မှီခိုအသုံးပြုကြရပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျိုက်ပရန်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာပြင်ပ အဖွဲ့ အစည်းများအနေဖြင့် စထာပနာနှင့် LOLC ချေးငွေဆောင်ရွက်ပေးသော အဖွဲ့(၂)ဖွဲ့ရှိပြီး ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုကို အဆိုပါချေးငွေ ပုဂ္ဂလိက အဖွဲ့အစည်းမှ ရရှိပါသည်။ကျိုက်ပရန်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော အိမ် ထောင်စုများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်တွင် လယ်ယာမြေပိုင်ဆိုင်မှုအထောက် အထားများပြ၍ အတိုး နှုန်းသက်သာစွာ ချေးယူရရှိသော်လည်း တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ကိုင်သော အိမ် ထောင်စုများသည်လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ရန် အရင်း အနှီး မလုံလောက်သည့်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအနည်းငယ်မှာ အရေးပေါ် ငွေလိုအပ်မှု များ ဖြစ်လာပါက နီးစပ်ရာဆွေမျိုးများထံတွင် သွားရောက်၍ကာလတို အတိုးမဲ့ချေးယူ အကူအညီတောင်းရပါသည်။

Scanned with CamScanner

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျိုက်ပရန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအား မိုးရေးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာသည် မော်လမြိုင်-ဘားအံမြို့သို့သွားသော အဝေးပြေးကား လမ်းမ၏ဘေး ချဉ်းကပ်ကတ္တရာလမ်းမှ အထဲဝင်၍ တစ်မိုင်ခန့်သွားလာရာတွင် တည်ရှိသော ကြောင့် လမ်းပန်းဆက်သွားရေးအနေဖြင့် သွားလာရလွယ်ကူစေပါသည်။ ကျိုက်ပရန် ကျေးရွာတွင် ကျေးရွာဈေးနှင့် ညောင်ပင်ဆိပ်ဈေးတို့ရှိပြီး မီးဖိုချောင် သုံးပစ္စည်းများ အဝတ် အထည်များ အိမ်ဆောက်ပစ္စည်းအနည်းငယ် ဝယ်ယူနိုင်ပါသည်။ မော်လမြိုင်မြို့နှင့် (၁၀) မိုင်ကျော် ကွာဝေးသော်လည်း သွားလာရေးလွယ်ကူပြီး ဝန်ဆောင်မှုအစုံ ပစ္စည်းစုံရယူရန် အတွက် မော်လမြိုင်မြို့ မဈေးသို့ သွား ရောက်ရပါသည်။

ကျိုက်ပရန်ကျေးရွာတွင် ကွန်ကရစ်တံတားတစ်စင်းရှိပါသည်။ကျေးရွာတွင် တံတားတည်ဆောက်မှု အခြေအနေအရ ကျေးရွာတွင်း အခက်အခဲမရှိပါ။ကျိုက်ပရန်ကျေးရွာ သည် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုပါ။ ကုန်းကြောင်းဖြင့်သာ သယ်ယူပို့ ဆောင်မှုများ ဆောင်ရွက်ကြပါသည်။ကျိုက်ပရန်ကျေးရွာတွင် သုံးဘီးဆိုင်ကယ်(၁)စီး၊ မော် တော်ဆိုင်ကယ်(၃၅၀)စီး၊ စက်ဘီး(၂၀)စီး၊ ကား(၃၅)စီးတို့ဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေကြ ပါသည်။

ကျိုက်ပရန်ကျေးရွာ၏ ရွာလယ်လမ်းမကြီးမှာ ကတ္တရာလမ်းဖြစ်ပြီး ရွာတွင်း လမ်းများသည် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများ ဖြစ်ပါသည်။ ကျိုက်ပရန်ကျေးရွာ၏ မူလတန်း စာသင်ကျောင်းဝန်းလမ်းမှာ မြေသားလမ်းဖြစ်ပေါ်နေပြီး ကလေးငယ်များ မိုးတွင်းအခါ ကျောင်းသွားရာတွင် အခက်အခဲအနည်းငယ်ဖြစ်ပေါ်လျက်ရှိပါသည်။ ထို ကြောင့်ကျေးရွာ၏ မူလတန်းစာသင်ကျောင်းဝန်းလမ်းမှာ စာသင်ကျောင်းဖွင့်ချိန် မိုးတွင်း အခါတွင် ကျောင်းသား/ကျောင်း သူများသွားလာရခက်ခဲသောကြောင့် ကွန် ကရစ်လမ်းခင်း ပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျိုက်ပရန်ကျေးရွာတွင် အိမ်ထောင်စု(၆၃၀)စုတို့သည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သုံးစွဲကြပါသည်။ကျေးရွာသည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား သုံးစွဲရသောကြောင့် အခက်အခဲမရှိပါ။

Scanned with CamScanner

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျိုက်ပရန်ကျေးရွာ၏ အနီးတွင် ဆက်သွယ်ရေးတာဝါတိုင်မှ MPT, Orredoo, Telenorလိုင်းများ တည်ဆောက်ထားသောကြောင့် ဆက်သွယ်ရေး အနေဖြင့် အခက်အခဲမရှိပါ။ လူထုအခြေပြု သဘာဝ ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်နှင့် မူခင်းများကာကွယ်တားဆီးလျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း အနေဖြင့်ကျေးရွာတွင်လူစည်းကားသည့် လက်ဖက်ရည်ဆိုင် အုပ်ချုပ်ရေး မှူးရုံးများတွင် အသိပညာပေးပို့စတာချိတ်ဆွဲထားပါသည်။ကျိုက်ပရန်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၅၁၈)လုံး၊ တီဗွီ(၄၂၆)လုံး၊ ဂြိုလ်တုစလောင်း(၂၄၇)လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ရယူသုံးစွဲမှု အခြေအနေတွင် အခက်အခဲမရှိပါ။

၆။ ပညာရေး

ကျိုက်ပရန်ကျေးရွာတွင် စာမတက်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၀၉)ဦးအထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၆၈)ဦး၊ အထက်တန်းအဆင့်စာတတ်မြောက်သူများ မှာ(၉)ဦးနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၇၇)ဦးရှိပါသည်။ ကျေးရွာတွင် မူလတန်းအဆင့် စာတက်မြောက်သော ဦးရေများပြားသည်ကို လေ့လာတွေ့ရှိရသဖြင့် အလယ်တန်းနှင့် အထက်တန်းပညာ ဆက်လက်ပညာသင်ကြားသည့် အခြေအနေမှာ နည်းပါးသွားရပါသည်။

ကျိုက်ပရန်ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်းရှိပါသည်။ ကျေးရွာတွင် ကျောင်းသား/ကျောင်းသူများအနေဖြင့် အခြေခံပညာအလယ်တန်း အထိပညာသင်ကြားရာတွင် အခက်အခဲ မရှိပါ။ ကျေးရွာတွင် မူလတန်းအဆင့် ကျောင်းတက်နှုန်းကျောင်းသား/သူဦးရေ(၃၀၉)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/သူဦးရေး(၆၈)ဦး၊ အထက်တန်းအဆင့်ကျောင်းသားဦးရေ(၉)ဦးတို့ရှိပါသည်။ ကျေးရွာတွင် မူလတန်း အဆင့် စာတက်မြောက်သော ဦးရေများပြားသည်ကိုလေ့လာတွေ့ရှိရသဖြင့် အလယ်တန်းနှင့် အထက်တန်းပညာဆက်လက် ပညာသင်ကြားသည့် အခြေအနေမှာနည်းပါးသွားရပါသည်။

ကျိုက်ပရန်ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းရှိပြီး စာသင်ကြားရာတွင် ဆရာ/ဆရာမ(၂၁)ဦး ရှိပါသည်။ ကျေးရွာတွင် စာသင်ကြားရာတွင် ကျောင်းသုံးပရိဘောဂမလုံလောက်မှု ကြောင့် အနည်းငယ်အခက်အခဲရှိပါသည်။ ကျိုက်ပရန်ကျေးရွာတွင် မူလတန်းလက်ရှိပညာသင်ကြားနေသော ကျောင်းသားဦးရေ(၃၀၉)ဦးရှိပြီး ပညာသင်ကြား

Scanned with CamScanner

နေသော ဆရာ/ဆရာမမှာ(၂၁)ဦး ရှိပါသောကြောင့် ပညာသင်ကြားရာတွင် အဆင်ပြေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျိုက်ပရန်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများသည် မိုးရာသီတွင် အဖြစ်များသော်လည်း ကျိုက်ပရန်ကျေးလက်ကျန်းမာရေး ဆရာမတစ်ဦးရှိပါသည်။ မော်လမြိုင်မြို့နယ်ဆေးရုံနှင့် (၆)မိုင်ခန့်သာ ကွာဝေးပြီး အချို့အိမ်ထောင်စုများသည် နီးစပ်ရာ ကျွဲခြံကုန်းဆေးကုသခန်းသို့ သွားရောက်ကုသကြသဖြင့် သက်သာပျောက် ကင်းကြပါသည်။ ကျေးရွာတွင် ရေးပေါ်အခြေအနေတွင် ပရဟိတအဖွဲ့မှ အရေးပေါ်ကားဖြင့် လာရောက်ကူညီ ဆောင်ရွက်ပေးပါသည်။ကျိုက်ပရန်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆရာမမှ ခလေးငယ်များကို ကာကွယ်ဆေးများ နှစ်စဉ်လာရောက် တိုက်ကြွေးကြပါသည်။ ထိုအပြင်ကျေးရွာတွင် အဆုတ်ရောဂါခံစား နေရသောသူ အနည်းငယ်ရှိပါသည်။ တစ်ခါတစ်ရံကျန်းမာရေး ပညာပေး အစီအစဉ်များလည်း ရှိပါသည်။

ကျိုက်ပရန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆရာမတစ်ဦးရှိပြီး ကျန်းမာရေးဝန်ဆောင်မှု ရရှိပါသည်။ ကျေးရွာသည် မော်လမြိုင်မြို့ နှင့်ကျိုက်မရောမြို့မသို့ သွားလာရလွယ်ကူသောကြောင့် အရေးပေါ်အခြေအနေတွင် မော်လမြိုင်ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် အခက်အခဲများ မရှိပါ ။ ကျိုက်ပရန် ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါသည်။

ကျိုက်ပရန်ကျေးရွာတွင် သောက်သုံး ရေများကို လက်တူးတွင်းကိုသာ အဓိကထား အသုံးပြုလျက် ရှိပါသည်။ မိုးရာသီနှင့်ဆောင်းရာသီများတွင် သုံးစွဲရန် ရေလုံလောက်မှုရှိသောလည်း နွေရာသီ တွင် နှစ်စဉ်ရေရှားပါမှုနှင့် ကြုံတွေ့နေရပါသည်။ ကျိုက်ပရန်ကျေးရွာတွင် သန့်ရှင်းသော ရေဆွဲအိမ်သာသုံးထောင်စု(၁၅၈)စုနှင့် ရေလောင်းယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု(၄၇၂)စုလုံး ကျန်းမာရေးအသိပညာရှိစွာ အသုံးပြုကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျိုက်ပရန်ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဆိုးရွားသည့် အခြေအနေ မျိုးမရှိပါ။ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီရာသီ ပေါ်တုပ်ကွေး ဖျားနာခြင်း၊ ငှက်ဖျား ရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားခြင်း အနည်းငယ် ရှိပါသည်။ ကျေးရွာသူ/သားများ သည် စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရာသီကူး

Scanned with CamScanner

ပြောင်းမှု များတွင် ခွာနာ၊ လျာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွား လေ့ရှိပြီး ကြက်နာ ရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။ကျိုက်ပရန်ကျေးရွာတွင် ပြည်ပမှပြန်လာ၍ လုပ်ကိုင်ရှာဖွေ၍ စားသောက်ကြ သော အိမ်ထောင်စုအနည်းငယ်မှာ စီးပွားရေးအနေဖြင့် ထိခိုက်သက်ရောက် လွယ်မှုမှာနိမ့်လျက်ရှိ ပါသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု (၁၈)စုရှိပြီး ထိခိုက်သက်ရောက်လွယ်မှု အခြေအနေအရ မြင့်မားလျက်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျိုက်ပရန်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်နေကြပါသည်။ ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့အနှင့် မိဘဆရာအသင်းတို့တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှု များတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ ဆိုင်ရာအခြေခံသဘော တရားများကို သိရှိရန်အားနည်းလျက် ရှိကြပါသည်။ ကျိုက်ပရန်ကျေးရွာတွင် လူငယ် အမျိုးသမီး/အမျိုးသားများ အနေဖြင့် လူမှုရေးလုပ်ငန်းများတွင် တန်းတူညီမျှ ပါဝင်မှု ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှုနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှုများတွင် လူပ်ရှားမှုများတွင် တက်တက်ကြွကြွပါဝင်လှုပ်ရှားကြပါသည်။

Scanned with CamScanner

ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် -ကျိုက်ပရန်			ကျေးရွာအမည် -ကျိုက်ပရန်	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	အမက စာသင်ကျောင်း ဝင်းအား ကွန်ကရစ်လမ်း (၂၃'x၁၉'x၆") (၃၀'x၈၀'x၆")ခင်းခြင်း လုပ်ငန်း	
၂။	ပညာရေး	ကျေးရွာ၏ ပညာရေးစနစ် တိုးတက်စေရန် လိုအပ် သောအခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	စာသင်ကျောင်း အမိုးနှင့် မျက်နှာကျက်တပ်ဆင်ခြင်း လုပ်ငန်း	
၃။	ဒွေကြေး	လူထုအခြေပြု	အတိုးနှုန်းသက်သက် သာသာဖြင့် ချေးငွေရရှိရေး လုပ်ငန်း	
၄။	ကျန်းမာရေး	ကျန်းမားရေးကဏ္ဍ တိုးတက်စေရန်	ကျေးလက်ဆေးပေးစနစ်ရရှိ ရေးလုပ်ငန်း	
၅။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	အမက စာသင်ကျောင်း ဝင်းအား ကွန်ကရစ်လမ်း (၂၃'x၁၉'x၆") (၃၀'x၈၀'x၆")ခင်းခြင်း လုပ်ငန်း	

Scanned with CamScanner

နောက်ဆက်တွဲ(၁)ကိုယ်ပရဒိုက်ပရန်ကျူးရွာပွဲဖြိုးရေးကော်မတီများ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးထွန်းရွှေ	ဦးဖွင်း'	၁၀/ကမရ(နိုင်)၀၄၂၂၀၇	၆၈	ဥက္ကဋ္ဌ	၀၉-
၂	ဦးအေး	ဦးမြဟန်	၁၀/ကမရ(နိုင်)၀၂၅၃၉၈	၆၀	ဘဏ္ဍာရေးမှူး	၀၉-
၃	ဦးကျော်ဝင်း	ဦးလှမောင်	၁၀/ကမရ(နိုင်)၀၂၅၀၈၆	၆၅	စာရင်းကိုင်	၀၉-
၄	ဦးဒက်	ဦးနောင်ဖေ	၁၀/ကမရ(နိုင်)၀၂၅၂၆၂	၅၇	အဖွဲ့ဝင်	၀၉-
၅	ဦးဟန်	ဦးရှိန်	၁၀/ကမရ(နိုင်)၀၈၂၅၆၇	၅၈	အဖွဲ့ဝင်	၀၉-
၆	ဦးဇော်ဝင်း	ဦးပန်းရွှေ	၁၀/ကမရ(နိုင်)၁၅၈၄၂၇	၄၈	အဖွဲ့ဝင်	၀၉-
၇	ဦးညွှန့်အောင်	ဦးလာ	၁၀/ကမရ(နိုင်)	၅၈	အဖွဲ့ဝင်	၀၉-
၈	ဦးတင်သိန်း	ဦး	၁၀/ကမရ(နိုင်)	၅၇	အဖွဲ့ဝင်	၀၉-
၉	ဦးလှဌေး	ဦးညီ	၁၀/ကမရ(နိုင်)၀၂၈၂၅၇	၆၂	အတွင်းရေးမှူး	၀၉-

Scanned with CamScanner

နောက်ဆက်တွဲ(၁)ကျိုက်ပရန်ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၅	၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၇	၆၀	၈၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၈၈	၉၄	၁၇၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၉၅	၁၀၁	၁၉၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၄၇	၁၄၃၄	၂၇၈၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၉၇	၁၄၆	၂၄၃
စုစုပေါင်း		၁၆၄၈	၁၈၄၀	၃၄၈၈
စုစုပေါင်း အိမ်ထောင်စု		၆၃၀		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ကျိုက်ပရန်ကျေးရွာတွင် အိမ်ထောင်စု (၆၃၀) စု၊ လူဦးရေ (၃၄၈၈) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၇)ဦး၊ ၅ နှစ်အောက် ကလေးအရွယ် (၈၇)ဦး ၊ မူလတန်းကျောင်းသားအရွယ် (၁၇၄)ဦး ၊ အလယ်တန်း ကျောင်းသား အရွယ် (၁၉၆)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၂၇၈၁)ဦး၊ သက်ကြီးရွယ်ကြီးအရွယ် (၂၄၃)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေ (၇၀၇)ဦး နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၃၄၇) ဦး၊ မ (၁၄၃၄) ဦး စုစုပေါင်း (၂၇၈၁) ဦးရှိပါသည်။ ထို့ကြောင့် ကျိုက်ပရန်ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၇၂	၂၁၆	-	မြင့်☑ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐လတ်☐နိမ့်☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၂၈	၈၆	–	မြင့်☑လတ်☐နိမ့်☐

Scanned with CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□နိမ့်□
၃	ငါးလုပ်ငန်း: (ရေချို/ရေနှင်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□နိမ့်□
၄	သစ်တောလုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□နိမ့်□
နိုက်ပို့းမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း:				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□နိမ့်□
၆	ထုတ်ကုန်လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□နိမ့်□
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□နိမ့်□
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	၂၁	၇၁	–	မြင့် ☑လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	-	-	–	မြင့် □လတ်□နိမ့်□
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□နိမ့်□
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	–	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□နိမ့်□
၁၁	လက်လီ-လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	–	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□ နိမ့်□
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း:	–	–	–	မြင့် □လတ်□နိမ့်□
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	–	မြင့် □လတ်□နိမ့်□

Scanned with CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □လတ် □နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်	–	–	–	မြင့် □လတ် □နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်	–	–	–	မြင့် □လတ် □ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	-	-	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်	–	–	–	မြင့် □လတ် □နိမ့် □
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်	၂	၂	–	မြင့် □လတ် ☑ နိမ့် □
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	–	မြင့် □ လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်	၁	၁	–	မြင့် □လတ ☑ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်	–	–	–	မြင့် □လတ် □နိမ့် □
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅၀၂	၁၁၂၄	–	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်	-	-	–	မြင့် □လတ် □နိမ့် □
	စုစုပေါင်း	၆၃၀	၁၇၀၄	–	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ

Scanned with CamScanner

၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျိုက်ပရန်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စု (၇၂)စုရှိပါသည်။ကျေးရွာတွင် အိမ်နီးချင်း နိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများပြားပါသည်။ ကျေးရွာတွင် ဆောက်လုပ်ရေးပန်ရဲ လုပ်ကိုင်သော အိမ်ထောင်စု(၂၅)စုမှ မိသားစုဝင်လုပ်အား (၇၅)ရှိပြီး ပညာရေးဝန်ထမ်း(၂)ဦး၊ ကျန်းမာရေးဝန်ထမ်း (၁)ဦးတို့ ရှိပါသည်။ကျေးရွာတွင် စီးပွားဖြစ် နွား၊အသားတိုး/ဥစားကြက် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၂၈)စုနှင့် အချို့သော အိမ်ထောင်စုများမှာ တစ်ပိုင်တစ်နိုင် ဝမ်းစားဖူလုံရုံမျှသာ မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၈၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂျပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျိုက်ပရန်ကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ် နိုင်မှုအပေါ်တွင်မူတည်ပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာကိုသာစိုက်ပျိုးကြပြီး နေ့စားလုပ်အားခ အများဆုံး

Scanned with CamScanner

အနေဖြင့် ကျား-၇၀၀၀ / မ-၆၀၀၀ ရရှိပါသည်။ ကျေးရွာတွင် နေ့စား/ကျပန်းလုပ်ကိုင်သော အလုပ်သမားများ၏ လုပ်အားခမှာ ကျား/၈၀၀၀ မ/၅၀၀၀ နှုန်း ရရှိပါသည်။ကျေးရွာတွင် ဆောက်လုပ်ရေး၊ပန်းရံ လုပ်ကိုင်သော နေ့စားလုပ်ခမှာ ကျား/၁၀၀၀၀ မ/၇၀၀၀ အများဆုံးရရှိပါသည်။ ထိုပြင် ပြည်ပသို့ သွားရောက် လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိ သောကြောင့် လုပ်အားခ ပမာဏကို မသိရှိရပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၆၂၆.၆၇	ကောင်း ☐	သင☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၃၃၈၈.၃၃	ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	၉၀၁၅	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျိုက်ပရန်ကျေးရွာတွင် လယ်မြေ (၅၆၂၆.၆၇) ဧကတို့ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါ သည်။ကျေးရွာတွင် မြေလွတ်မြေလပ်(၃၃၈၈.၃၃) ဧကတို့ ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

Scanned with CamScanner

လေ့လာတွေ့ရှိချက်။ ။ကျိုက်ပရန်ကျေးရွာတွင် ကျောက်၊ သဲ၊ မြစ်ကျောက်စရစ်များသည် ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင်မရှိသော်လည်း မော်လမြိုင်မြို့နှင့် (၆)မိုင်ခန့်သာ ကွာဝေးသောကြောင့် အလွယ်တကူ ဝယ်ယူရရှိ အသုံးချနိုင်ပါသည်။ ကျိုက်ပရန်ကျေးရွာတွင် ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုး စိတ်များ ရှားပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀၈က	၅၈က	၂၈က	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ်ထောင်/သွပ်မိုး	ဝါးခရဲ/သွပ်မိုး	ဝါးခရဲ/ဖက်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား	ဆိုင်ကယ်	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	လယ်	ခြံ	မွေးမြူရေး	နေ့စား/ကျပန်း
အိမ်ထောင်စု	၁၀၀	၃၃၀	၁၇၀	၃၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျိုက်ပရန်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၀၀)စုရှိပြီး အဓိကအနေဖြင့် မြေဧက(၁၀)ဧကအထက် အဖြစ်ပိုင်ဆိုင်သောအိမ်ထောင်စုများဖြစ်ပါသည်။ ကျိုက်ပရန် ကျေးရွာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စု(၃၃၀)စုသည် ကိုယ်ပိုင်စိုက်ပျိုးရေးနှင့်လယ်ဧက(၅)ဧကအထက် ပိုင်ဆိုင်သော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုများသည် နေ့စား/ကျပန်း နှင့် ဆိုင်ကယ်Taxiများဖြင့် အသက်မွေး ဝမ်းကျောင်းပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် နေ့စားကျပန်းများဖြစ်ပြီး စသည့်ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

Scanned with CamScanner

အမျိုးကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာပူလုံမှု	-	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာပူလုံမှု		အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.ဥစ္စာခနုအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျိုက်ပရန်ကျေးရွာတွင် ဝမ်းစာပူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဖယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	–	-	–
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၈		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၅၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျိုက်ပရန်ကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၁၈)နှင့် ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၂၀)တို့ရှိပါသည်။ သို့ရာတွင် ကျေးရွာအတွင်း ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မပူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑	လတ်☐	နိမ့်☐	မရှိ☐

Scanned with CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရ☑
၉	ဆားငန်ရေဝင်ရြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဌက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဓေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑

